# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# သတ္တမပုံမှန်အစည်းအဝေး

# (၃၁) ရက်မြောက်နေ့ မှတ်တမ်း



# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

# (၃၁)ရက်မြောက်နေ့ အစီအစဉ်

# [ ၂၂–၃–၂၀၁၈ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ စတင်ကျင်းပခြင်း၊

၂။ သဘာပတိတင်မြှောက်ခြင်း၊

၃။ သဘာပတိနေရာယူခြင်း၊

၄။ သဘာပတိ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း၊

၅။ သဘာပတိက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊

၆။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၇။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ပြည်သူ့လွှတ်တော် အစည်းအဝေး (၃၁)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း၊

၁၀။ လိုအပ်လျှင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း၊

၁၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ တို့က သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုခြင်း နှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း၊

၁၂။ ပြည်သူ့လွှတ်တော် သဘာပတိက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအား တာဝန် လွှဲအပ်ခြင်း၊

၁၃။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊

၁၄။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး (၃၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
# (၃၁)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်
## ( ၂၀၁၈ ခုနှစ်၊ မတ်လ ၂၂ ရက် )
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[သဘာပတိအဖြစ် ဦးခင်မောင်ဝင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးတီခွန်မြတ်တို့က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇ နည်းဥပဒေခွဲ(က)အရ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ကျွန်တော် ဦးတင်ဝင်းအောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်မှာဖြစ်ပါတယ်။

၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄ အရ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## သဘာပတိတင်မြှောက်ခြင်း

**အခမ်းအနားမှူး။** ။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၅ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆ တို့အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လိုအပ်လျှင် ဒုတိယဥက္ကဋ္ဌတို့ကို ရွေးကောက်တင်မြှောက်ပြီးသည်အထိ အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲနိုင်ဖို့ အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား သဘာပတိအဖြစ် တင်မြှောက်ရမှာဖြစ်ပါတယ်။

သဘာပတိတင်မြှောက်နိုင်ဖို့အတွက် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇ အရ သဘာပတိလောင်း အမည်စာရင်းတင်သွင်းရမှာဖြစ်ပါတယ်။

သဘာပတိလောင်း အမည်စာရင်းတင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ အမည်စာရင်းတင်သွင်းလွှာပုံစံကို ကျွန်တော့်ထံမှ လက်မှတ်ရေးထိုးထုတ်ယူပြီး အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

အမည်စာရင်းတင်သွင်းခံရသူဟာ သဘာပတိအဖြစ် တင်မြှောက်ခံရပါက လက်ခံဆောင်ရွက်ရန် သဘောတူကြောင်း သဘောထားရယူပြီး ဖြစ်ရပါမယ်။ အမည်စာရင်းတင်သွင်းသူဟာ အမည်စာရင်းလွှာမှာ လိုအပ်တဲ့အချက်အလက်များကိုဖြည့်သွင်းပြီး ကျွန်တော့်ထံ ပြန်လည်ပေးအပ်ဖို့ ဖြစ်ပါတယ်။ သဘာပတိလောင်းအမည်စာရင်း တင်သွင်းလိုတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းကြဖို့ဖြစ်ပါတယ်။

[ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သည် သဘာပတိလောင်းအမည်စာရင်း တင်သွင်းလွှာ ထုတ်ယူပါသည်။]

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သဘာပတိလောင်း အမည်စာရင်းတင်သွင်းလွှာပုံစံ ထုတ်ယူတဲ့အရေအတွက်ဟာ တစ်စောင်ဖြစ်ပြီး ပြန်လည်တင်သွင်းတဲ့ အရေအတွက်ဟာ တစ်စောင်ဖြစ်ပါတယ်။ အမည်စာရင်းတင်သွင်းရန် ကျန်ရှိသူများရှိပါက ဆက်လက်တင်သွင်းဖို့ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သဘာပတိလောင်း အမည်စာရင်းတင်သွင်းရာမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်းတစ်ဦးတည်းကိုသာ သဘာပတိလောင်းအဖြစ် အမည်စာရင်းတင်သွင်းထားပါတယ်။

ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇ နည်းဥပဒေခွဲ(စ)အရ လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်းအား သဘာပတိအဖြစ် တင်မြှောက်ကြောင်း ကြေညာအပ်ပါတယ်။ (သြဘာသံများ)

[သဘာပတိအဖြစ် ဦးခင်မောင်ဝင်းအား ဦးအောင်မင်း၊ ဇလွန်မဲဆန္ဒနယ်က အဆိုတင်သွင်းပြီး၊ ဦးမောင်မောင်ဦး၊ အင်းစိန်မဲဆန္ဒနယ်က ထောက်ခံပါသည်။]

## သဘာပတိနေရာယူခြင်း

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သဘာပတိအဖြစ် တင်မြှောက်ခံရတဲ့ ဦးခင်မောင်ဝင်းက သဘာပတိတာဝန်ထမ်းဆောင်ဖို့အတွက် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူမှာ ဖြစ်ပါတယ်။ သဘာပတိ တာဝန်ထမ်းဆောင်ဖို့ စင်မြင့်ပေါ်သို့ ကြွရောက်ချိန်မှာ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်အားလုံး မတ်တတ်ရပ်ပေးကြဖို့ ပန်ကြားအပ်ပါတယ်။

သဘာပတိစင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။

[သဘာပတိသည် သဘာပတိအတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## သဘာပတိ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉ နည်းဥပဒေခွဲ(က)အရ သဘာပတိက ကတိသစ္စာပြုခြင်းနှင့် လက်မှတ်ရေးထိုးခြင်းအစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

ကျွန်တော်က ကတိသစ္စာကိုတိုင်ပေးတဲ့အခါ ကတိသစ္စာပြုမယ့် သဘာပတိကသာ လိုက်ဆိုဖို့ ဖြစ်ပါတယ်။ ယခု သဘာပတိ ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်အားလုံး မတ်တတ်ရပ်ပေးကြဖို့ပန်ကြားအပ်ပါတယ်။

[အခမ်းအနားမှူးက အောက်ပါအတိုင်း ကတိသစ္စာကိုတိုင်ပေး၍ သဘာပတိက ကတိသစ္စာပြုပါသည်။]

"ကျွန်ုပ် ဦးခင်မောင်ဝင်းသည် ပြည်သူ့လွှတ်တော် သဘာပတိအဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကို လည်းလိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိ ရိုသေပါမည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့ပြင် ယခု ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု လွှတ်တော်၏ ရှေ့မှောက်တွင် သဘာပတိက ကတိသစ္စာပြုလွှာပေါ်၌ လက်မှတ်ရေးထိုးတဲ့အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

[သဘာပတိသည် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးပါသည်။]

## သဘာပတိက နှုတ်ခွန်းဆက်စကားပြောကြားခြင်း

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု သဘာပတိက နှုတ်ခွန်းဆက်စကား ပြောကြားမှာဖြစ်ပါတယ်။ နှုတ်ခွန်းဆက်စကားပြောကြားပေးနိုင်ပါရန် သဘာပတိ အား လေးစားစွာပန်ကြားအပ်ပါတယ်။

**သဘာပတိ**။ ။ အစည်းအဝေးတက်ရောက်လာကြတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီး များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံ ကြပါစေကြောင်း ဆုတောင်းနှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊

လမ်းမတော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း ဖြစ်ပါတယ်။ ယခု အစည်းအဝေးမှာ သဘာပတိအဖြစ် ဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်းခံရတဲ့အတွက် ဝမ်းမြောက် ဂုဏ်ယူမိပါတယ်။ ဒီတာဝန်နှင့် အခွင့်အရေးကိုပေးအပ်ကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်သူများက ရွေးချယ်တင်မြှောက်လိုက်တဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေနဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးများကို အောင်အောင်မြင်မြင်နဲ့ ကျင်းပနေနိုင်တာကို ကိုယ်စားလှယ်အားလုံး တွေ့မြင်သိရှိပြီးဖြစ်ပါတယ်။ လွှတ်တော်ရဲ့ အဓိက တာဝန်ဖြစ်တဲ့ ဥပဒေပြုရေးနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းရေး လုပ်ငန်းစဉ်များကို စွမ်းစွမ်း တမံဆောင်ရွက်ပေးခဲ့တဲ့ ကျွန်တော်တို့ရဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ဆောင်ရွက်ချက်များကို ဒီနေရာမှာအသိအမှတ်ပြုရမှာဖြစ်ပါတယ်။ ဂုဏ်ယူရမှာလည်း ဖြစ်ပါတယ်။ အမြဲတမ်းလည်း သတိရ နေကြမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်များဟာ ဒီမိုကရေစီအသွင်သဏ္ဌာန်နှင့် အနှစ်သာရစုစည်းတည်ရှိရာ အဖွဲ့အစည်းများဖြစ်ကြသလို အာဏာကိုမျှတစွာ ခွဲဝေကျင့်သုံးစေတဲ့ အဖွဲ့အစည်းများလည်းဖြစ်ပါတယ်။ နိုင်ငံသားများရဲ့ မူလအခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေးနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးတို့ကို ဆောင်ရွက်ပေးတဲ့ အဓိကအဖွဲ့အစည်းလည်းဖြစ်ပါ တယ်။ ဒီတာဝန်တွေကို လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားတဲ့ လွှတ်တော်ကော်မတီများက အဓိကထား ဆောင်ရွက်နေကြပါတယ်။ တာဝန်ကျေပွန်နိုင်ရေးအတွက် မွန်မြတ်တဲ့စေတနာကို အရင်းပြုပြီး လုပ်နည်းလုပ်ဟန်မှန်မှန်နှင့် ကြိုးစားဆောင်ရွက်နေတာကိုလည်း အားလုံးသတိပြုမိမှာ ဖြစ်ပါတယ်။ ဒီနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ လစ်လပ်တဲ့ဥက္ကဋ္ဌနေရာကို တာဝန်ထမ်း ဆောင်နိုင်ဖို့ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရွေးချယ်သွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဟာ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် မှန်ကန်တဲ့စိတ်ရင်း စေတနာထားရှိပြီး အမျှော်အမြင်ကြီးမားစွာနှင့် လုပ်ကိုင်ဆောင်ရွက်တဲ့ အရည်အချင်းတွေကို မှတ်ကျောက်တင်ကြရမယ့် အချိန်အခါဖြစ်ပါတယ်။ ဒီအခွင့်အရေးကို အမိအရ ဆုပ်ကိုင်ပြီး ရွေးချယ်ပွဲ အောင်မြင်ချောမွေ့နိုင်ရေးအတွက် ဆောင်ရွက်ပေးကြရန် တိုက်တွန်းအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မှန်ကန်သောကတိ၊ တည်ကြည်သောသစ္စာတို့ဖြင့် ဖြောင့်မတ် မှန်ကန်စွာ ဆောင်ရွက်သွားမှာဖြစ်ကြောင်း အသိပေးပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး သဘာပတိက အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**သဘာပတိ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးအနက် ၄၁၂ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးကိုတက်ရောက်ခွင့်ရှိသူ စုစုပေါင်းရဲ့ ၉၅.၁၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနဲ့ စတင်ကျင်းပကြောင်း ကြေညာအပ်ပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**သဘာပတိ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီက တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် သဘာပတိကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၁၂ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၂ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့ -

(၁) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ၂ ရက်နှင့်

(၂) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၂ ရက်တို့ပဲ ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၁၉ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၂ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၂၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**သဘာပတိ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**သဘာပတိ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်က ခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၁၉ ဦး၊

ယနေ့ ခွင့်ပြုထားသူ ၂ ဦးဖြစ်တဲ့အတွက် လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၂၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

**သဘာပတိ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၁ နည်းဥပဒေခွဲ(ဂ)အရ လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**သဘာပတိ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာအပ်ပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း

**သဘာပတိ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးအစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယခု ပြည်သူ့လွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များထဲမှ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လိုအပ်လျှင် ဒုတိယဥက္ကဋ္ဌ တစ်ဦးကို ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၀ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၊ ၁၁၊ ၁၂ တို့အရ ရွေးကောက်တင်မြှောက်သွားမှာဖြစ်ပါတယ်။ ပထမဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတစ်ဦး ရွေးကောက်တင်မြှောက်ဖို့ ဖြစ်ပါတယ်။ ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်နိုင်ဖို့အတွက် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀ အရ ဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းရမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌလောင်းအမည်စာရင်း တင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ အမည်စာရင်းတင်သွင်းလွှာပုံစံကို အခမ်းအနားမှူးထံမှ လက်မှတ်ရေးထိုးထုတ်ယူပြီး အမည်စာရင်းတင်သွင်းရမှာဖြစ်ပါတယ်။ အမည်စာရင်းတင်သွင်းခြင်းခံရသူအား ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရပါက လက်ခံဆောင်ရွက်ရန် သဘောတူကြောင်း သဘောထားရယူပြီးဖြစ်ရပါမယ်။ အမည်စာရင်းတင်သွင်းသူအား အမည်စာရင်းတင်သွင်းလွှာမှာ လိုအပ်တဲ့အချက်အလက်ကို ဖြည့်သွင်းပြီး အခမ်းအနားမှူးထံ ပြန်လည်ပေးအပ်ဖို့ ဖြစ်ပါတယ်။ ဥက္ကဋ္ဌအမည်စာရင်းတင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းလွှာပုံစံများကို အခမ်းအနားမှူးထံမှ ထုတ်ယူနိုင်ကြပါပြီ။

**အခမ်းအနားမှူး။** ။ အမည်စာရင်းတင်သွင်းလွှာပုံစံများကို ကျွန်တော့်ထံမှာ လာရောက်ထုတ်ယူကြဖို့ဖြစ်ပါတယ်။

[ဥက္ကဋ္ဌလောင်းအမည်စာရင်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းကြပါသည်။]

**သဘာပတိ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥက္ကဋ္ဌလောင်း အမည်စာရင်း တင်သွင်းလွှာပုံစံထုတ်ယူတဲ့အရေအတွက်ဟာ နှစ်စောင်ဖြစ်ပြီး ပြန်လည်တင်သွင်းတဲ့အရေအတွက် ဟာ နှစ်စောင်ဖြစ်ပါတယ်။

**သဘာပတိ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥက္ကဋ္ဌလောင်းအဖြစ် အမည် စာရင်းတင်သွင်းရာမှာ ဦးတီခွန်မြတ်၊ ကွတ်ခိုင်မဲဆန္ဒနယ်ကို ဒေါ်ခင်စန်းလှိုင်၊ ပုလဲမဲဆန္ဒနယ်က အမည်စာရင်းတင်သွင်းပြီး ဦးဇော်သိန်း၊ ဝါးခယ်မမဲဆန္ဒနယ်က ထောက်ခံထားပါတယ်။ ဒါ့အပြင် ဦးသောင်းအေး၊ ပျော်ဘွယ်မဲဆန္ဒနယ်ကို ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်က အမည်စာရင်း တင်သွင်းပြီး ဦးခင်မောင်သီ၊ လှိုင်လင်မဲဆန္ဒနယ်က ထောက်ခံထားပါတယ်။

**သဘာပတိ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥက္ကဋ္ဌလောင်းအဖြစ် အမည် စာရင်းတင်သွင်းခံရသူများကို အက္ခရာစဉ်အလိုက် ကြေညာပါ့မယ်-

(၁) ဦးတီခွန်မြတ်၊ ကွတ်ခိုင်မဲဆန္ဒနယ်၊

(၂) ဦးသောင်းအေး၊ ပျော်ဘွယ်မဲဆန္ဒနယ်တို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌလောင်းအဖြစ် အမည် စာရင်းတင်သွင်းခြင်းခံရသူတစ်ဦးထက်ပိုတဲ့အတွက် ဥက္ကဋ္ဌအဖြစ် တင်မြှောက်နိုင်ရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၂ နည်းဥပဒေခွဲ(က)အရ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်ဆန္ဒပြုသည့်နည်းလမ်းနှင့်အညီ ဆောင်ရွက်မှာဖြစ်ပါတယ်။ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်ဆန္ဒမဲပေးရာမှာ သဘာပတိရွေးကောက်တင်မြှောက်စဉ်က ဆောင်ရွက်ခဲ့တဲ့ နည်းလမ်းအတိုင်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၂ နည်းဥပဒေခွဲ(ဃ)အရ သဘာပတိဖြစ်သူ ကျွန်တော်လည်း ကိုယ်စားလှယ်များနည်းတူ ဆန္ဒမဲပေး မှာဖြစ်ပါတယ်။

**သဘာပတိ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဦးတီခွန်မြတ်၊ ကွတ်ခိုင် မဲဆန္ဒနယ်ကို ဥက္ကဋ္ဌအဖြစ် တင်မြှောက်ဖို့အတွက် လွှတ်တော်ရဲ့ဆန္ဒရယူပါ့မယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**သဘာပတိ။** ။ ယခု ဦးတီခွန်မြတ်၊ ကွတ်ခိုင်မဲဆန္ဒနယ်အတွက် ထောက်ခံ ၂၈၀ မဲ၊ ကန့်ကွက်မဲ ၁၂၄ မဲ၊ ကြားနေဆန္ဒမဲ ၁ မဲရှိကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ဦးသောင်းအေး၊ ပျော်ဘွယ်မဲဆန္ဒနယ်ကို ဥက္ကဋ္ဌအဖြစ် တင်မြှောက်ဖို့အတွက် လွှတ်တော်ရဲ့ဆန္ဒကို ရယူပါ့မယ်။ ဆန္ဒမဲ ပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**သဘာပတိ။** ။ ယခု ဦးသောင်းအေး၊ ပျော်ဘွယ်မဲဆန္ဒနယ်အတွက် ထောက်ခံ ၁၄၁ မဲ၊ ကန့်ကွက်မဲ ၂၆၁ မဲ၊ ကြားနေဆန္ဒမဲ ၃ မဲရှိကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥက္ကဋ္ဌလောင်းများအား ဆန္ဒမဲ ပေးလို့ပြီးပါပြီ။ ဥက္ကဋ္ဌလောင်းတစ်ဦးချင်းရရှိတဲ့ ထောက်ခံဆန္ဒမဲ အများ၊ အနည်းအလိုက် အမည် စာရင်းကို ကြေညာပါ့မယ်-

(၁) ဦးတီခွန်မြတ်၊ ကွတ်ခိုင်မဲဆန္ဒနယ် ရရှိတဲ့ထောက်ခံဆန္ဒမဲ ၂၈၀ မဲ၊

(၂) ဦးသောင်းအေး၊ ပျော်ဘွယ်မဲဆန္ဒနယ် ရရှိတဲ့ထောက်ခံဆန္ဒမဲ ၁၄၁ မဲ။

ဒါ့ကြောင့် ထောက်ခံဆန္ဒမဲအများဆုံးရရှိတဲ့ ဦးတီခွန်မြတ်၊ ကွတ်ခိုင်မဲဆန္ဒနယ်အား ဥက္ကဋ္ဌ အဖြစ် ရွေးကောက်တင်မြှောက်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း

**သဘာပတိ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ အဖြစ် ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်ကို ရွေးချယ်တင်မြှောက်ခဲ့ပြီးဖြစ်ပါတယ်။ ဒါ့ကြောင့် လစ်လပ်သွားတဲ့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာအတွက် ဆက်လက်ရွေးကောက်တင်မြှောက်ရ မှာ ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌရွေးကောက်တင်မြှောက်ဖို့အတွက် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၃ နည်းဥပဒေ ၁၀ ပါ နည်းလမ်းများနှင့်အညီ ဒုတိယဥက္ကဋ္ဌလောင်း အမည် စာရင်းတင်သွင်းရမှာဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌလောင်းအမည်စာရင်း တင်သွင်းလိုတဲ့ လွှတ်တော် ကိုယ်စားလှယ်များဟာ အမည်စာရင်းတင်သွင်းလွှာပုံစံကို အခမ်းအနားမှူးထံမှာ လက်မှတ်ရေးထိုး ထုတ်ယူပြီး အမည်စာရင်းတင်သွင်းရမှာဖြစ်ပါတယ်။ အမည်စာရင်းတင်သွင်းခံရသူအား ဒုတိယဥက္ကဋ္ဌ အဖြစ် ရွေးကောက်တင်မြှောက်ခံရပါက လက်ခံဆောင်ရွက်ရန် သဘောတူကြောင်း သဘောထား ရယူပြီးဖြစ်ရပါမယ်။ အမည်စာရင်းတင်သွင်းသူအား အမည်စာရင်းတင်သွင်းလွှာမှာ လိုအပ်တဲ့အချက် အလက်များကိုဖြည့်သွင်းပြီး အခမ်းအနားမှူးထံ ပြန်လည်ပေးအပ်ဖို့ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းလွှာပုံစံများကို အခမ်းအနားမှူးထံမှ ထုတ်ယူနိုင်ကြပါပြီ။

**အခမ်းအနားမှူး။** ။ အမည်စာရင်းတင်သွင်းလွှာပုံစံများကို ကျွန်တော့်ထံမှာ လာရောက် ထုတ်ယူကြဖို့ဖြစ်ပါတယ်။

[ဒုတိယဥက္ကဋ္ဌလောင်းအမည်စာရင်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်း ကြပါသည်။]

**သဘာပတိ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းလွှာထုတ်ယူတဲ့အရေအတွက်ဟာ နှစ်စောင်ဖြစ်ပြီး။ ပြန်လည်တင်သွင်းတဲ့ အရေအတွက်ဟာလည်း နှစ်စောင်ဖြစ်ပါတယ်။

**သဘာပတိ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်းတင်သွင်းရာမှာ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ နောင်ချိုမဲဆန္ဒနယ်ကို ဦးကျော်စိုးလင်း၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်က အမည်စာရင်းတင်သွင်းပြီး ဒေါက်တာဝေဖြိုးအောင်၊

သာကေတမဲဆန္ဒနယ်က ထောက်ခံထားပါတယ်။ ဒါ့အပြင် ဒေါက်တာမောင်သင်း၊ မိတ္ထီလာမဲဆန္ဒနယ်ကို ဦးခင်မောင်မြင့်၊ ရပ်စောက်မဲဆန္ဒနယ်က အမည်စာရင်းတင်သွင်းပြီး ဦးစိုင်းခတ္တိယ၊ မိုင်းဆတ်မဲဆန္ဒနယ်က ထောက်ခံထားပါတယ်။

**သဘာပတိ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူများကို အက္ခရာစဉ်အလိုက် ကြေညာပါ့မယ်-

(၁) ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ နောင်ချိုမဲဆန္ဒနယ်၊

(၂) ဒေါက်တာမောင်သင်း၊ မိတ္ထီလာမဲဆန္ဒနယ်တို့ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးထက်ပိုတဲ့အတွက် ဒုတိယဥက္ကဋ္ဌတစ်ဦးတင်မြှောက်နိုင်ရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃၊ နည်းဥပဒေ ၁၂ နည်းဥပဒေခွဲ(က)ပါ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်ဆန္ဒပြုတဲ့နည်းလမ်းများနှင့်အညီ ဆောင်ရွက်မှာဖြစ်ပါတယ်။ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်ဆန္ဒမဲပေးရာမှာ သဘာပတိရွေးကောက်တင်မြှောက်စဉ်က နည်းလမ်းအတိုင်းပဲဆောင်ရွက်မှာ ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၂ နည်းဥပဒေခွဲ(ဃ)အရ သဘာပတိဖြစ်သူ ကျွန်တော်ကလည်း ကိုယ်စားလှယ်များနည်းတူ ဆန္ဒမဲပေးမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ နောင်ချိုမဲဆန္ဒနယ်ကို ဒုတိယဥက္ကဋ္ဌအဖြစ်တင်မြှောက်ဖို့အတွက် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**သဘာပတိ**။ ။ ယခု ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ နောင်ချိုမဲဆန္ဒနယ်အတွက် ထောက်ခံဆန္ဒမဲ ၂၇၀ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၁၃၃ မဲ၊ ကြားနေဆန္ဒမဲ ၁ မဲ ရရှိကြောင်း တင်ပြအပ်ပါတယ်။ ဆက်လက်ပြီး ဒေါက်တာမောင်သင်း၊ မိတ္ထီလာမဲဆန္ဒနယ်ကို ဒုတိယဥက္ကဋ္ဌအဖြစ် တင်မြှောက်ဖို့အတွက် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**သဘာပတိ**။ ။ ယခု ဒေါက်တာမောင်သင်း၊ မိတ္ထီလာမဲဆန္ဒနယ်အတွက် ထောက်ခံဆန္ဒမဲ ၁၄၃ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၂၆၂ မဲ၊ ကြားနေဆန္ဒမဲ ၃ မဲ ရရှိကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယဥက္ကဋ္ဌလောင်းများအား ဆန္ဒမဲပေးလို့ပြီးပါပြီ။ ဒုတိယဥက္ကဋ္ဌလောင်းတစ်ဦးချင်းရရှိတဲ့ ထောက်ခံဆန္ဒမဲအများအနည်းအလိုက် အမည်စာရင်းကို ကြေညာပါ့မယ်-

(၁) ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ နောင်ချိုမဲဆန္ဒနယ် ရရှိတဲ့ထောက်ခံမဲ ၂၇၀ မဲ၊

(၂) ဒေါက်တာမောင်သင်း၊ မိတ္ထီလာမဲဆန္ဒနယ်ရရှိတဲ့ ထောက်ခံမဲ ၁၄၃ မဲ။

ဒါ့ကြောင့် ထောက်ခံဆန္ဒမဲအများဆုံးရရှိတဲ့ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ နောင်ချိုမဲဆန္ဒနယ်အား ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

မူကြမ်း

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**သဘာပတိ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ရွေးကောက်တင်မြှောက်ပြီးဖြစ်ပါတယ်။ ဆက်လက်ပြီး ရွေးကောက်တင်မြှောက်ခံရတဲ့ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄ အရ သဘာပတိရှေ့မှောက်မှာ ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌအဖြစ် ကတိသစ္စာပြု၍ လက်မှတ်ရေးထိုးရမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့အား စင်မြင့်ပေါ်သို့ ကြွရောက်ပါရန် ဖိတ်ခေါ်အပ်ပါတယ်။

**သဘာပတိ။** ။ ယခု ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကတိသစ္စာပြုဖို့ဖြစ်ပါတယ်။ ကတိသစ္စာကို ကျွန်တော်က တိုင်ပေးတဲ့အခါ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကလိုက်ဆိုဖို့ဖြစ်ပါတယ်။ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်များအားလုံး မတ်တတ်ရပ်ပေးကြဖို့ ပန်ကြားအပ်ပါတယ်။

[သဘာပတိက အောက်ပါအတိုင်း ကတိသစ္စာကိုတိုင်ပေး၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကတိသစ္စာပြုပါသည်။]

"ကျွန်တော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရပြီးဖြစ်သော ကျွန်ုပ် ဦးတီခွန်မြတ် သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ကျွန်ုပ်ထမ်းဆောင်ရမည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ ထမ်းဆောင်မည်ဖြစ်ကြောင်း လေးနက်တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြုပါသည်။"

**သဘာပတိ။** ။ ဆက်လက်ပြီး ဒုတိယဥက္ကဋ္ဌ ကတိသစ္စာပြုဖို့ဖြစ်ပါတယ်။

[သဘာပတိက အောက်ပါအတိုင်း ကတိသစ္စာကိုတိုင်ပေး၍ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ကတိသစ္စာပြုပါသည်။]

"ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခံရသော ကျွန်ုပ် ဦးထွန်းအောင် (ခ)ဦးထွန်းထွန်းဟိန် သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ကျွန်ုပ်ထမ်းဆောင်ရမည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ ထမ်းဆောင်မည်ဖြစ်ကြောင်း လေးနက်တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြုပါသည်။"

**သဘာပတိ။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**သဘာပတိ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄ အရ လွှတ်တော်၏ရှေ့မှောက်တွင် ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌတို့ လက်မှတ်ရေးထိုးတဲ့အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။ ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌတို့အား သဘာပတိ၏ လက်ဝဲဘက်တွင် စီစဉ်ထားသည့်နေရာ၌ တက်ရောက်၍ ကတိသစ္စာပြုလွှာတွင် လက်မှတ်ရေးထိုးပေးပါရန် ပန်ကြားအပ်ပါတယ်။

[ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြပါသည်။]

## ပြည်သူ့လွှတ်တော် သဘာပတိက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအား တာဝန်လွှဲအပ်ခြင်း

**သဘာပတိ။** ။ ယခု ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅ အရ သဘာပတိက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအား တာဝန်လွှဲအပ်မှာဖြစ်ပါတယ်။ တာဝန်လွှဲအပ်ချိန်မှာ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်အားလုံး မတ်တတ်ရပ်ပေးကြဖို့ဖြစ်ပါတယ်။ တာဝန်လွှဲအပ်မယ့် နေရာသို့ကြွရောက်ပါရန် ဥက္ကဋ္ဌအား ပန်ကြားအပ်ပါတယ်။

[သဘာပတိသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအား တာဝန်လွှဲအပ်ပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားမှာဖြစ်ပါတယ်။ နှုတ်ခွန်းဆက်စကားပြောကြားပေးနိုင်ပါရန် ဥက္ကဋ္ဌအား လေးစားစွာ ပန်ကြားအပ်ပါတယ်။

[အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို တက်ရောက်လာကြတဲ့လွှတ်တော်ကိုယ်စားလှယ် များအားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသောသုခနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါ တယ်။ ကျွန်တော့်ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြတဲ့ လွှတ်တော် ကိုယ်စားလှယ်များအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ဦးစွာပထမပြောကြားလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ဟာ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ကြ သည်နှင့်အညီ တွေးခေါ်ကြံဆပုံ၊ လုပ်ကိုင်ဆောင်ရွက်ပုံတွေဟာ ဒီမိုကရေစီကျင့်စဉ်များ၊ လူ့အခွင့် အရေးစံနှုန်းများကို ခံစား၊ စံစားလိုကြတဲ့ နိုင်ငံသူနိုင်ငံသားတွေအတွက် စံနမူနာကောင်းတွေ ဖြစ်စေ

ချင်ပါတယ်။ တစ်ဦးနှင့်တစ်ဦး သဘောထားကြီးခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ အပြန်အလှန်လေးစားခြင်း၊ အပြန်အလှန်နားလည်မှုရှိခြင်း၊ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် နိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားတွေရဲ့အကျိုးကို သယ်ပိုးကြစေလိုပါတယ်။ တစ်ဦးနှင့်တစ်ဦး ရင်းနှီးချစ်ကြည်စွာဖြင့် မိမိတို့နိုင်ငံတွင် ဒီမိုကရေစီရှင်သန်ခိုင်မာမှုနှင့် လူ့အခွင့်အရေးများ မြှင့်တင်နိုင်ဖို့ စစ်မှန်တဲ့ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ဖို့ စသည်တို့ကို အတူတကွ လက်တွဲပူးပေါင်းအကောင်အထည်ဖော်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါတယ်။ ကျွန်တော်တို့အားလုံးဟာ ကိုယ်ကျိုးစီးပွားထက် အမျိုးသားအကျိုးစီးပွားကို ဦးစားပေးကာ မိမိတို့ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် မိမိတို့ရဲ့ဂုဏ်သိက္ခာကို မြင့်မားစေကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းစာမျက်နှာသစ်ကို ဖွင့်ခွင့်ရကြသူများပီပီ လွှတ်တော်ကြီးရဲ့ဂုဏ်ဒြပ်ပိုမိုမြင့်မားပြီး တင့်တယ်လာအောင် စွမ်းဆောင်ကြစေလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်မှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုတဲ့ အာဏာကြီးသုံးရပ်အနက် လွှတ်တော်ရဲ့အဓိကတာဝန်ဟာ ဥပဒေပြုရေးဖြစ်ပါတယ်။ ဒါ့အပြင် တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်များ၊ ကြေညာချက်များဟာ ဒီမိုကရေစီကျင့်စဉ်နှင့် ညီညွတ်မှုရှိ/မရှိတို့ကို လေ့လာစိစစ်ကြပြီး ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ရေးဆွဲခြင်းတို့ကို ဆောင်ရွက်နေကြရမှာဖြစ်ပါတယ်။ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်တဲ့ လွှတ်တော် ဥက္ကဋ္ဌတာဝန်ကို လွှတ်တော်ကိုယ်စားလှယ်များက ကျွန်တော့်အားတာဝန်ပေးအပ်လိုက်တဲ့အတွက် ဒီတာဝန်ကြီးကို ကျွန်တော့်အနေဖြင့် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အဂတိတရားကင်းရှင်းစွာဖြင့် မိမိတို့နိုင်ငံတွင် ဒီမိုကရေစီအခွင့်အလမ်းများ ပွင့်လန်းလာစေရန် နိုင်ငံသားများရဲ့အခြေခံလူ့အခွင့်အရေးများ ပိုမိုရရှိလာစေရန်တို့ကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းအားထုတ်သွားမည်ဖြစ်ပါကြောင်း လေးနက်တည်ကြည်စွာကတိပြုရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၂း၁၆။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

မူကြမ်း

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို ၁၂း၁၆ နာရီအချိန်တွင် ရပ်နားပါသည်။]

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်